# သတင်းထုတ်ပြန်ချက်

၂၀၂၅ ခုနှစ် စက်တင်ဘာလ ၁ ရက် မြန်မာစံတော်ချိန် ၀၇၀၀ (UTC ၀၀၃၀) နာရီအထိ တားမြစ်ထားသည်

## S&P Global မြန်မာထုတ်လုပ်မှု PMI®

# မြန်မာနိုင်ငံတစ်ဝန်းရှိ ထုတ်လုပ်ရေး အခြေအနေများ တိုးတက်မှုရပြီး အလုပ်ခန့်အပ်မှုတွင်လည်း တိုးတက်မှုကို ပြန်လည်တွေ့ရှိရသည်

### အဓိက တွေ့ရှိချက်များ


သုံးနှစ်တာ ကာလအတွင်း ဝန်ထမ်း အရေအတွက်တွင် အ မြန်ဆန်ဆုံး မြင့်တက်မှု

ထုတ်လုပ်ရေးနှင့် အမှာစာအသစ်များ ကျယ်ကျယ်ပြန့်ပြန့် တည်ငြိမ်မှုရှိသည်

ထုတ်လုပ်ရေး စရိတ်များသည် ငါးနှစ်နီးပါးအတွင်း ပထမဆုံး အကြိမ်အဖြစ် ကျဆင်းလာသည်

S&P Global မြန်မာ ထုတ်လုပ်မှု PMI

ညှိကိန်း >၅၀ = ယခင်လနောက်ပိုင်း တိုးတက်မှု




ရင်းမြစ်– S&P Global PMI.
ဒေတာကို ၂၀၂၅ ခုနှစ် ဩဂုတ် ၁၂–၂၀ ရက်အတွင်း စုဆောင်းခဲ့သည်။

မြန်မာနိုင်ငံရှိ ထုတ်လုပ်ရေးကဏ္ဍသည် ဩဂုတ်လ၌ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများတွင် အလုံးစုံ တိုးတက်မှုရခြင်းကို မှတ်တမ်းတင်ခဲ့ပြီး ထုတ်လုပ်ရေးနှင့် အလုပ်အသစ် အဆင့်များ ကျယ်ကျယ်ပြန့်ပြန့် တည်ငြိမ်ခြင်းနှင့်အတူ အလုပ်ခန့်အပ်မှုတွင် ခိုင်မာသော မြင့်တက်မှုရှိခြင်းတို့ကို ထင်ဟပ်နေသည်။

ထို့အပြင် ကုန်ကျစရိတ် ဝန်ထုပ်ဝန်ပိုးများ ပိုမို၍ သက်သာလာခဲ့သည်။ ဝယ်ဈေးများသည် အနည်းငယ်မျှသာ မြင့်တက်ခဲ့ပြီး ၂၀၂၀ ခုနှစ်၊ အောက်တိုဘာလ နောက်ပိုင်းတွင် အားအနည်းဆုံး အတိုင်းအတာ ဖြစ်ခဲ့သည်။ ယင်းအပြင် ထုတ်လုပ်ရေးလုပ်ငန်းများသည် ငါးနှစ်နီးပါးအတွင်း ပထမဆုံးအကြိမ်အဖြစ် ၎င်းတို့၏ စက်ရုံထုတ်ဈေး အဖိုးအခများကို လျှော့ချခဲ့ကြသည်။

လေးလဆက်တိုက် မြင့်တက်မှုနှင့်အတူ ခေါင်းစီး S&P Global မြန်မာထုတ်လုပ်မှု PMI® သည် ဩဂုတ်လတွင် တိုးချဲ့မှုအပိုင်းသို့ ပြန်လည်ရောက်ရှိခဲ့သည်။ ဇူလိုင်လတွင် ၄၉.၅ ရှိခဲ့ရာက ၅၀.၄ ဖြစ်ခဲ့ပြီး ၎င်းက အသင့်အတင့် နှုန်းထားတစ်ခု ဖြစ်သည့်တိုင် ၂၀၂၅ ခုနှစ်အတွင်း မြန်မာနိုင်ငံရှိ ထုတ်လုပ်ရေးကဏ္ဍ၏ အခြေအနေ ကောင်းမွန်မှုတွင် ပထမဆုံး တိုးတက်မှုရခြင်းကို အချက်ပြခဲ့သည်။

ဝန်ထမ်းအရေအတွက်များ ခိုင်ခိုင်မာမာ တိုးလာမှုက ခေါင်းစီးအညွှန်းကိန်း မြင့်တက်မှုကို ဖြစ်စေခဲ့သည်။ အလုပ်အကိုင် ဖန်တီးမှုနှုန်းသည် စစ်တမ်း သမိုင်းကြောင်းတစ်လျှောက်တွင် ပူးတွဲအားအကောင်းဆုံး ဖြစ်ခဲ့ပြီး ၂၀၂၂ ခုနှစ်၊ ဧပြီလနှင့် ၂၀၁၉ ခုနှစ်၊ မေလတို့တွင် တွေ့မြင်ခဲ့ရသည့် မြင့်တက်မှုများနှင့် ယှဉ်နိုင်ခဲ့သည်။ အောင်မြင်သော အချိန်ပြည့်ဝန်ထမ်း ခန့်အပ်မှုများရှိကြောင်း မရေရာသော အထောက်အထားက ပြသခဲ့သည်။ သို့ရာတွင် အထူးသဖြင့် ကမ္ဘာ့ကပ်ရောဂါနှောင်းပိုင်း နှစ်များကတည်းက ဖြစ်ခဲ့သည့်အတိုင်း လုပ်ငန်းအများအပြားသည် ထိန်းထားနိုင်မှု စိန်ခေါ်ချက်များကို ဆက်လက်ရင်ဆိုင်ခဲ့ရပြီး ဆန္ဒအလျောက် အလုပ်ထွက်မှုများက လခစားဝန်ထမ်းအရေအတွက် တိုးချဲ့ရန် ကြိုးပမ်းမှုများကို ခက်ခဲရှုပ်ထွေးစေခဲ့သည်။

အမှာစာအသစ်များသည် နှစ်လဆက်တိုက်အဖြစ် ကျယ်ကျယ်ပြန့်ပြန့် တည်ငြိမ်ခဲ့ကြောင်း မြန်မာနိုင်ငံရှိ ကုန်ထုတ်လုပ်သူများက အစီရင်ခံခဲ့ကြသည်။ အချို့လုပ်ငန်းများသည် ဝယ်လိုအားအလားအလာများကို တိုးမြှင့်ခြင်းကြောင့် အကျိုးကျေးဇူး ဖြစ်ထွန်းခဲ့ကြောင်း မရေရာသော အထောက်အထားက ညွှန်ပြခဲ့သည်။ သို့ရာတွင် ဖောက်သည်များ၏ ငွေရေးကြေးရေး အကန့်အသတ်ရှိမှုများက စုံစမ်းမေးမြန်းမှုများကို အကန့်အသတ်ဖြစ်စေသောကြောင့် အားနည်းသော ဝယ်လိုအား ပုံစံများကို ထုတ်လုပ်သူအချို့က ဆက်လက်၍ ထောက်ပြခဲ့ကြသည်။

### သုံးသပ်ချက်

နောက်ဆုံးရ စစ်တမ်းရလဒ်များအပေါ် S&P Global Market Intelligence ရှိ စီးပွားရေးပါရဂူ Maryam Baluch က ပြောကြားသွားသည်မှာ –

*“နောက်ဆုံးရ PMI ဒေတာက တည်ငြိမ်မှုရနေတဲ့ ထုတ်လုပ်ရေးနဲ့ ဝယ်လိုအား အခြေအနေတွေကို ညွှန်ပြခဲ့တာကြောင့် မြန်မာနိုင်ငံရဲ့ ထုတ်လုပ်ရေးကဏ္ဍက မတ်လမှာ ဖြစ်ပွားခဲ့တဲ့ ငလျင်ကြောင့် ဖြစ်ခဲ့ရတဲ့ လျော့ကျမှုကနေ ပြန်လည်နာလန်ထလာခဲ့ပုံ ရပါတယ်။ ဒါ့အပြင်လည်း လုပ်ငန်းတွေက အချိန်ပြည့် အလုပ်သမားတွေကို အောင်အောင်မြင်မြင် ခေါ်ယူနိုင်ခဲ့ပြီး ၂၀၂၃ ခုနှစ် နှစ်လယ်ပိုင်းနောက်ပိုင်း ဒုတိယအကြိမ် ဝန်ထမ်း အရေအတွက် မြင့်တက်မှု ဖြစ်စေခဲ့ပါတယ်။*

*"နောက်ပြီး လုပ်ငန်းတွေက ငါးနှစ်နီးပါးအတွင်း ပထမဆုံးအကြိမ်အဖြစ် သူတို့ရဲ့ အဖိုးအခတွေကို လျှော့ချပြီး ကုန်ကျစရိတ် ဖိအားတွေ သက်သာလာအောင် လုပ်ဆောင်ခဲ့ပါတယ်။ ဒီလို ထုတ်လုပ်ရေး စရိတ်တွေ လျော့ကျခြင်းက ကဏ္ဍအတွက် ဖြစ်နိုင်ဖွယ် ကောင်းကျိုးတစ်ခု ရလာကာ လာမယ့်လတွေမှာ ရောင်းချမှုတွေ မြင့်တက်အောင် အကူအညီ ဖြစ်စေသင့်ပါတယ်။*

*"ဒါပေမယ့်လည်း လုပ်ငန်းတွေက သူတို့ရဲ့ ရှုမြင်သုံးသပ်ချက်နဲ့ ပတ်သက်လို့ သတိထားနေကြဆဲ ဖြစ်ပါတယ်။ ၁၂ လစာ ရှုမြင်သုံးသပ်ချက်က အပြုသဘောဆောင်တဲ့တိုင် ယုံကြည်စိတ်ချမှုက ရေရှည်စစ်တမ်း အလားအလာထက် ပိုပြီးတော့ အားနည်းနေဆဲ ဖြစ်ပါတယ်။"*

PMI® by S&P Global

© 2025 S&P Global

